Head Quarter postal address

PO BOX 227 Marrickville, NSW 1475, Sydney, Australia

www.ipemyanmar.blogspot.com

နေ့စွဲ -၃၀-၅-၂၀၁၈

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ 25 May 2018 တွင်ထုတ်ပြန်ချက်ကိုရည်ညွှန်း၍မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့ (The Institution of Professional Engineers Myanmar- IPEM) သည်အောက်ပါကြေညာချက်ကိုထုတ်ပြန်သည်။

မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့ (The Institution of Professional Enginers Myanmar-IPEM) သည်မြန်မာနိုင်ငံသားနှင့်မြန်မာနိုင်ငံသားဟောင်းအင်ဂျင်နီယာတို့ ကိုကမ္ဘာ့အသိအမှတ်ပြုခံရရေးကိုဦးတည်ဆောင်ရွက်နေသောအဖွဲ့ အစည်းဖြစ်သည်။

Chartered Engineer/ Chartered Professional Engineer ဟူသောဝေါဟာရတို့ သည်အရည်အချင်းအတွေ့ အကြုံပြည့်ဝသော၊စောင့်ထိန်းရမည့်ပဋိညာဉ်ကိုခံယူသောအင်ဂျင်နီယာတို့ ၏ယေဘုယျအဓိပ္ပါယ်ရှိသောဝေါဟာရများဖြစ်ကာ UK, Australia, New Zealand, Sri Lanka တို့ တွင်သုံးစွဲနေသောဝေါဟာရများဖြစ်သလိုလိုင်စင်ကိုညွှန်ပြသော (Professonal Engineer-PE) သည် ယေဘုယျအဓိပ္ပါယ် (Chartered Professional Engineer CPEng) နှင့်ကွာခြားသည်။ဥပမာ Australian CPEng သည် Queensland State တွင်အင်ဂျင်နီယာလုပ်လိုက Registered Professional Engineer of Queensland -RPEQ ကိုရယူရမည်။

မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့ (The Institution of Professional Engineers Myanmar-IPEM) သည်မြန်မာနိုင်ငံအင်ဂျင်နီယာဥပဒေတွင်ပါဝင်သော Professional Engineer (PE), Registered Senior Engineer (RSE), Registered Engineer (RE) တို ့ကိုသုံးစွဲနေခြင်းမဟုတ်။ယေဘုယျဝေါဟာရ CEng,CPEng,REng တို့ ကိုသာသုံးစွဲသည်။

မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့ (The Institution of Professional Engineers Myanmar-IPEM) အဖွဲ့ဝင်တို့ အတွက်အောက်ပါသတိပေးချက်ကိုထုတ်ပြန်သည်။

- မိမိကိုယ်ကို Professional Engineer (PE) Registered Senior Engineer (RSE) or Registered Engineer (RE)အဖြစ်မသုံးစွဲရန် IPEM အဖွဲ့ဝင်ဖြစ်ခြင်းကိုရည်ညွှန်းသော MIPEM , AMIPEM ယေဘူယျအမိပ္ပါယ်ဆောင်သော CEng, CPEng, REng ကိုသာနိုင်ငံတကာတွင်သုံးရန်၊
- CEng, CPEng, REng ကိုသုံးပြီးအင်ဂျင်နီယာလုပ်ငန်းများလုပ်ခြင်း၊ပြည်သူတို့ ကိုဆွဲဆောင်ခြင်း ၊အလုပ်ရရန်သုံးခြင်းတို့ ကိုမြန်မာနိုင်ငံတွင်မပြုရန်
- မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင်မှတ်ပုံမတင်ဘဲကန့် သတ်အင်ဂျင်နီယာလုပ်ငန်းများမလုပ်ရန်
- IPEM CEng CPEng တို့ သည်အရည်အချင်းအတွေ့ အကြုံတို့ ကိုနိုင်ငံတကာအသိအမှတ်ပြုရေးဖြစ်ပြီးပြည်သူလူထုကိုထင်ယောင်ထင်မှားပြုရန်မဟုတ်၊

အထက်ပါသတိပေးချက်များကိုမလိုက်နာသောမည်သူတစ်ဦးတစ်ယောက်အဖွဲ့ အစည်းတစ်ခု၏ပြဿနာကို မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့ (The Institution of Professional Enginers Myanmar-IPEM) ကဖြေရှင်းမည်မဟုတ်ပါ။

ဒေါက်တာကျော်နိုင်
စည်းရုံးရေးမှူး၊ယာယီဥက္ကဌ
မြန်မာနိုင်ငံပညာရှင်အင်ဂျင်နီယာအဖွဲ့